# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 3, 2022 Volume 51, Number 3


**၃.၂.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၀၆ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၇၇၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၀၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၀၉.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၈.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၀.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၆၆.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၃၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၆၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၅.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၆၁၉ ကျပ် |

Source: CBM Rate, etrademyanmar.com



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကနေဒါနိုင်ငံ အစားအသောက်ကွပ်ကဲရေးအေဂျင်စီ (CFIA) ၏ စစ်ဆေးပြီးဖြစ်ကြောင်း အမှတ်တံဆိပ် (Inspection Legend)အသစ် သတ်မှတ်ခဲ့ခြင်းကိစ္စ




ကနေဒါအစားအသောက်ကွပ်ကဲရေးအေဂျင်စီ (Canadian Food Inspection Agency-CFIA) က ဥထွက်ပစ္စည်းများ၊ ငါးနှင့်ပင်လယ်စာ၊ အသားနှင့်ကြက်ဘဲ တင်ပို့ရာတွင် အသုံးပြုသည့်အဆိုပါ ထုတ်ကုန်များ/ ပစ္စည်းများကို စစ်ဆေးထားပြီးဖြစ်ကြောင်း အမှတ်တံဆိပ် (Inspection Legend) အသစ်သတ်မှတ်ခဲ့ခြင်းနှင့် အဆိုပါအမှတ်တံဆိပ်အသစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အကူးပြောင်းကာလ ထပ်တိုးသတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ရှိ ကနေဒါနိုင်ငံသံရုံးက စာပေးပို့အကြောင်းကြားလာပါသည်။

အဆိုပါစာတွင် ဥထွက်ပစ္စည်းများ၊ ငါးနှင့်ပင်လယ်စာ၊ အသားနှင့် ကြက်ဘဲတင်ပို့ရာတွင် အသုံးပြုသည့် စစ်ဆေးထားပြီးဖြစ်ကြောင်း အမှတ်တံဆိပ် (Inspection Legend) အသစ်သည် ကနေဒါနိုင်ငံ စားသောက်ကုန်လုံခြုံမှုဆောင်ရွက်ရေးအဖွဲ့ (Safe Food for Canadians Regylations-SFCR) ၏ ကွပ်ကဲမှုဖြင့် ၂၀၁၆ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ၂၀၁၉ ခုနှစ်မှစတင်၍ Inspection Legend အမှတ်တံဆိပ်အသစ်နှင့် ယခင်အမှတ်တံဆိပ်များ နှစ်မျိုးလုံး (သို့မဟုတ်) ၎င်းတို့အနက် တစ်မျိုးမျိုးကို

စားသောက်ကုန်ပစ္စည်းများတွင် အသုံးပြုရန်ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ သို့ရာတွင် Inspection Legend အမှတ်တံဆိပ်အသစ်ကို ပြောင်းလဲအသုံးပြုရာ၌ လွယ်ကူအဆင်ပြေစေရန် လိုအပ်သည့် ပြောင်းလဲပြင်ဆင်မှုများပြုလုပ်နိုင်ရန်အတွက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအထိ ဆိုင်းငံ့ကာလ (Grace Period) ကို (၃) နှစ်သတ်မှတ်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ဆက်စပ်ပြီးဖြစ်ပေါ်လာသည့်ကိစ္စရပ်များကြောင့် CFIA က အဆိုပါကာလကို ၁၅.၁.၂၀၂၃ ရက်အထိ တိုးမြှင့်ခဲ့ရပါကြောင်း၊ သို့ဖြစ်၍ ကနေဒါစားသောက်ကုန်များတွင် ယခင်အမှတ်တံဆိပ်များနှင့် ယခုအမှတ်တံဆိပ်အသစ် နှစ်မျိုးလုံး (သို့မဟုတ်) ၎င်းတို့အနက်မှ တစ်မျိုးမျိုးကိုလည်းကောင်း ၁၅.၁.၂၀၂၃ ရက်အထိအသုံးပြုနိုင်ပါကြောင်း၊ လိုအပ်သကဲ့သို့ ကိုးကားအသုံးပြုနိုင်ပါရန် Inspection Legend နှစ်မျိုးလုံး၏ နမူနာပုံစံများကို ပူးတွဲပေးပို့အပ်ပါကြောင်းနှင့် သိရှိလိုသည့်အချက်များရှိပါက ၎င်းတို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းဖြင့် ဖော်ပြထားပါသည်။

**Source: နိုင်ငံခြားရေးဝန်ကြီးဌာန**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ပါသည်။ ကိုဗစ်ရောဂါဖြစ်ပွားမှုကြောင့် နှစ်နိုင်ငံကုန်သွယ်မှုများရပ်ဆိုင်းထားခဲ့ရာမှ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှစ၍ ကုန်သွယ်မှုများရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင်စ၍နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်မှ ၂၈ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ကြံနှင့်ဆန်များ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၅၉၅၀၀၂ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၃၁၈၀၅၃၉ ဒဿမ ၉၃ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၃၇၇၅၅၄၁ ဒဿမ ၉၃ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့ပါသည်။ သွင်းကုန်ပစ္စည်းများမှာ Cargo Container 45’ Feet ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ချည်ထည်များ၊ စက်ဘီး၊ ကုန်ထုတ်စက္ကူများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၅၁၁၅၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၆၉၆၁ ဒဿမ ၆၉ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်း ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၈၈၁၁၁ ဒဿမ ၆၉ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒဿမ ၃၅၈ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၇၉ ဒဿမ ၃၃ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော‌မြေကုန်သွယ်မှုဗဟိုဌာန**

## စားသုံးဆီတင်သွင်းမှု၊ ဖြန့်ဖြူးမှု၊ သိုလှောင်မှု၊ ဈေးကွက်အတွင်း ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းစဉ်တစ်လျှောက်တွင် ဈေးကစားလိုသည့် လုပ်ဆောင်မှုများနှင့် မသမာသောရည်ရွယ်ချက်ဖြင့် ရောနှောရောင်းချမှုများရှိပါက အရေးယူနိုင်ရန် ဆောင်ရွက်နေ

စားသုံးဆီတင်သွင်းမှု၊ ဖြန့်ဖြူးမှု၊ သိုလှောင်မှု၊ ဈေးကွက်အတွင်း ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းစဉ်တစ်လျှောက်တွင် ဈေးကစားလိုသည့်လုပ်ဆောင်မှုများနှင့် မသမာသောရည်ရွယ်ချက်ဖြင့် ရောနှောရောင်းချမှုများရှိလာပါက အရေးယူနိုင်ရေးအတွက် Tracebility Record ထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၁၈/၂၀၂၁) အရ သိရသည်။

ပြည်တွင်း၌ စားသုံးဆီထုတ်လုပ်မှုမှာ ဖူလုံမှုမရှိသဖြင့် နှစ်စဉ်ပြည်ပနိုင်ငံများမှ တင်သွင်းနေရပြီးအဆိုပါ ပြည်ပမှ တင်သွင်းလာသည့် စားသုံးဆီများ အရည်အသွေးပြည့်မီရေး၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးနှင့် ဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးတို့ကို ကြီးကြပ်ကွပ်ကဲခြင်းများ ပြုလုပ်နိုင်ရန်အတွက် ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကဏ္ဍမှ

သက်ဆိုင်ရာ Stakeholder များပါဝင်သည့် စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၂၁) ဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ ယခုအခါ ပြည်ပမှတင်သွင်းသုံးစွဲနေရသည့် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းကဏ္ဍကို ပိုမိုထိရောက်စွာ ထိန်းကျောင်းကိုင်တွယ် ဆောင်ရွက်နိုင်ရေးအတွက် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီကို အမိန့်ကြော်ငြာစာအမှတ် (၁၁၈/၂၀၂၁) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များတွင် သတ်မှတ်ထားရှိသည့် စံချိန်စံညွှန်းပြည့်မီသည့် စားသုံးဆီများကိုသာ တင်သွင်းလာစေရေး ကြီးကြပ်ဆောင်ရွက်ရန်၊ ကြီးကြပ်ရေးကော်မတီအနေဖြင့် လိုအပ်ပါက စားသုံးဆီသင်္ဘောဖြင့် တင်သွင်းခြင်း (In Bulk) အပြင် ကွန်တိန်နာဖြင့် တင်သွင်းခြင်းများကို စိစစ်ကြပ်မတ်ရန်၊ ပြည်ပမှတင်သွင်းသည့် စားသုံးဆီသင်္ဘောများ ဆိပ်ကမ်းဝင်ရောက်ရာတွင် ကြန့်ကြာမှုမရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊ သင်္ဘောမှဆီများ ထည့်သွင်းသိုလှောင်ခြင်းမပြုမီဆီသို လှောင်ကန်များ၏ သန့်ရှင်းသပ်ရပ်မှုနှင့် စိတ်ချရမှုရှိ၊ မရှိ ကြိုတင်စိစစ်ရန်၊ လက်ခံချယူခြင်းမပြုလုပ်မီ သင်္ဘောမှဆီနမူနာရယူခြင်း၊ အပူချိန်တိုင်းတာခြင်း၊ အရေအတွက်တိုင်းတာခြင်း၊ ဆီသိုလှောင်ကန်အတွင်း ရောက်ရှိပြီးနောက် သိုလှောင်ကန်၏ အပေါ်ပိုင်း၊ အလယ်ပိုင်းနှင့်အောက်ပိုင်းတို့မှ နမူနာများပေးပို့ခြင်းစသည့်လုပ်ငန်းစဉ်အတိုင်း စနစ်တကျဆောင်ရွက်ရေး ကြပ်မတ်ပေးရန်စသည့်အချက်များ ပါဝင်ကြောင်း သိရသည်။

ထို့ပြင် သင်္ဘောမှဆီများ ဆီသိုလှောင်ကန်သို့ ထည့်သွင်းနေစဉ်အတွင်း တစ်နာရီလျှင် တစ်ကြိမ်နမူနာရယူ၍ မျက်မြင်စစ်ဆေးရန်၊ စားသုံးဆီအရည်အသွေးနှင့် ပတ်သက်၍သော်လည်းကောင်း၊ အခြားထူးခြားမှုရှိလျှင်သော်လည်းကောင်း ဝန်ကြီးရုံးသို့ ချက်ချင်းသတင်းပို့တင်ပြရန်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ အများပြည်သူစားသုံးရန် သင့်လျော်ကြောင်း ထောက်ခံချက်ရရှိပြီးမှသာ ဆီသိုလှောင်ကန်မှ ဈေးကွက်များသို့ ဖြန့်ဖြူးထုတ်ပေးစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ ဆီသိုလှောင်ကန်မှ ထုတ်ယူဖြန့်ဖြူးပေးနေချိန်အတွင်း အရည်အသွေးပိုင်းမှန်ကန်မှုရှိ၊ မရှိကို အခါအားလျော်စွာစိစစ်ပေးရန်၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသည့် စားသုံးဆီများကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ အသိအမှတ်ပြုသော ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီများဖြစ်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊ ပြည်ပမှတင်သွင်းလာသည့် စားသုံးဆီသင်္ဘောများ ဝင်ရောက်မှုကို တင်သွင်းသည့် ကုမ္ပဏီအမည်၊ တင်သွင်းသည့်နိုင်ငံ၊ တန်ချိန်၊ လိုင်စင်အမှတ်နှင့် ရက်စွဲများဖော်ပြလျက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ လစဉ်တင်ပြရန်စသည့်အချက်များမှာလည်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏လုပ်ငန်းတာဝန်များတွင် ပါရှိကြောင်းသိရသည်။

စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် စားသုံးဆီသိုလှောင်ကန်များရှိ သိုလှောင်ထားရှိသည့်ပမာဏကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အပတ်စဉ်တင်ပြရန်နှင့် သိုလှောင်ထားရှိမှုများကို အခါအားလျော်စွာ စစ်ဆေးဆောင်ရွက်ရန်၊ စားသုံးဆီတင်သွင်းမှု၊ ဖြန့်ဖြူးမှု၊ သိုလှောင်မှု၊ ဈေးကွက်အတွင်း ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းစဉ်တစ်လျှောက်တွင် ဈေးကစားလိုသည့် လုပ်ဆောင်မှုများနှင့် မသမာသောရည်ရွယ်ချက်ဖြင့် ရောနှောရောင်းချမှုများရှိလာပါက အရေးယူနိုင်ရေး Tracebility Record ထား၍ ကြီးကြပ်သွားရန်တို့ကိုလည်း လုပ်ငန်းတာဝန်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပြင်ဆင်ဖွဲ့စည်းခဲ့သည့် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီတွင် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ဒုတိယဥက္ကဋ္ဌ (၁)၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက် အုပ်ချုပ်မှုဒါရိုက်တာက ဒုတိယဥက္ကဋ္ဌ (၂)၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဒုတိယဥက္ကဋ္ဌ (၃) အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါကော်မတီတွင် အဖွဲ့ဝင်များအဖြစ် ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများပါဝင်ပြီး အတွင်းရေးမှူးအဖြစ် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးက ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **Source:** https://news-eleven.com/article/225031

## ကာကွယ်ဆေးထိုးနှံပြီးသူများ Quarantine ဝင်စရာမလိုဘဲ ထိုင်းနိုင်ငံထဲ ဝင်ရောက်ခွင့်ပြု



https://xinhuamyanmar.com/mm-en/%e1%80%80%e1%80%ac%e1%80%80%e1%80%bd%e1%80%9a%e1%80%ba%e1%80%86%e1%

ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ဒေသများမှ ကာကွယ်ဆေးအပြည့်အဝထိုးနှံထားပြီးသူများကို ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ သီးခြားခွဲနေထိုင်မှု Quarantine ဝင်စရာမလိုဘဲ ထိုင်းနိုင်ငံထဲ ဝင်ရောက်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ၊ ယင်းမှာ ခရီးသွားကဏ္ဍနှင့် နိုင်ငံ့စီးပွားရေးပြန်လည် နလံထူရန် ထိုင်းအစိုးရ၏ နောက်ဆုံးလုပ်ဆောင်သည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံသို့ သွားရောက်လည်ပတ်မည့် ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ဒေသများမှ ခရီးသွားပြည်သူများအနေဖြင့် ကာကွယ်ဆေးအပြည့်အဝထိုးနှံထားပြီးပါက သီးခြားခွဲနေထိုင်မှု Quarantine မဝင်ရအောင် လျှောက်ထားနိုင်ပြီး ထိုင်းနိုင်ငံသို့ ၎င်းတို့ရောက်ရှိလာပြီးသည့်နောက် ပထမဆုံးနေ့နှင့် ပဉ္စမမြောက်နေ့တို့တွင် RT-PCR ကိုဗစ်ရောဂါ စစ်ဆေးမှုခံယူရမည်ဖြစ်ကြောင်း သိရသည်။

ယခင်က ထိုင်းနိုင်ငံ၏ခရီးသွားများအတွက် သီးခြားခွဲနေထိုင်မှု Quarantine ကင်းလွတ်ခွင့်ပြုအစီအစဉ်တွင် ရောဂါကူးစက်မှုအန္တရာယ်နိမ့်ပါးသည့် ကမ္ဘာ့နိုင်ငံနှင့်ဒေသပေါင်း ၆၀ ကျော်မှ ခရီးသွားများကိုသာ ခွင့်ပြုထားခဲ့ရာမှ ယခုအခါ ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံထဲ ခရီးသည်သုံးသိန်းအထိ ဝင်ရောက်နိုင်ရန် မျှော်မှန်းထားကြောင်းနှင့် လာမည့်မတ်လတွင် ခရီးသည်များ ပိုမိုဝင်ရောက်လိမ့်မည်ဖြစ်ကြောင်း ထိုင်းအစိုးရ ပြောရေးဆိုခွင့်ရှိသူ Thanakorn Wangboonkongchana က ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်တွင်ထိုင်းနိုင်ငံသို့ နိုင်ငံတကာခရီးသွား စုစုပေါင်း ၄၂၇,၈၆၉ ဦးဝင်ရောက်ခဲ့ခြင်းနှင့်အတူ ယင်းနှစ်နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း ဝင်ရောက်မှုသည် တစ်နှစ်ပတ်လုံး ဝင်ရောက်မှုစုစုပေါင်း၏ လေးပုံသုံးပုံကျော်အထိရှိခဲ့ကြောင်း ထိုင်းနိုင်ငံ ခရီးသွားနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ထိုင်းနိုင်ငံအစိုးရသည် ကပ်ရောဂါမတိုင်ခင် တိုင်းပြည်စီးပွားရေးကို ၂၀ ရာခိုင်နှုန်းကျော်အထိ အကျိုးပြု ထောက်ပံ့ပေးနေသည့် ခရီးသွားကဏ္ဍကို ကပ်ရောဂါဘေးဒဏ်ခံစားရခြင်းမှ ပြန်လည်ကုစားနိုင်ရန် ကူညီပံ့ပိုးရေးအစီအစဉ်အမျိုးမျိုးကို ဖွင့်ဟထုတ်ဖော်ခဲ့သည်။ ယင်းတို့ထဲတွင် ပြည်တွင်းခရီးသွားမြှင့်တင်ရေးအတွက် ငွေကြေးထောက်ပံ့ခြင်းနှင့် ကာကွယ်ဆေးထိုးနှံမှု အရှိန်အဟုန်မြှင့်တင်ခြင်းတို့လည်း အပါအဝင်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအသစ် ၇,၄၂၂ ခုရှိခဲ့ပြီး ပြီးခဲ့သော ၂၄ နာရီအတွင်း နောက်ထပ် သေဆုံးသူ ၁၂ ဦးရှိခဲ့ရာ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂.၄၄ သန်းကျော် နှင့် သေဆုံးသူပေါင်း ၂၂,၁၈၅ ဦးထိ ရောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ထိုင်းနိုင်ငံ၏ လူဦးရေ သန်း ၇၀ နီးပါးအနက် ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသူ ၆၉.၉ ရာခိုင်နှုန်းနှင့် အားဖြည့်ကာကွယ်ဆေး(booster) ထိုးနှံပြီးသူ ၂၀.၅ ရာခိုင်နှုန်းရှိကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါအခြေအနေစီမံခန့်ခွဲရေးစင်တာ၏ ထုတ်ပြန်ချက်အရသိရသည်။

**Source:** https://xinhuamyanmar.com/mm-en/%e1%80%80%e1%80%ac%e1% 80%80%e1%80%bd%e1%80%9a%e1%80%ba%e1%80%86%e1%

## မြေပဲ ၊နှမ်း ပေါက်ဈေးများ ဆက်လက်မြင့်တက်နေပြီး အသစ်ဝင်မြေထောက်ပဲနှင့်ကုလားပဲအုပ်စုများ ဈေးအနည်းငယ်ကျဆင်းကာ ပို့ကုန်ပဲများ ဈေးတည်ငြိမ်နေ

မြေပဲနှင့်နှမ်းပေါက်ဈေးများ ဆက်လက်မြင့်တက်နေပြီး အသစ်ဝင်မြေထောက်ပဲနှင့် ကုလားပဲအုပ်စုဈေးအနည်းငယ်ကျဆင်းသွားသော်လည်း ပို့ကုန်ပဲများ ဈေးတည်ငြိမ်လျက်ရှိနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံကသိရသည်။ မန္တလေးပဲ၊ နှမ်းဈေးကွက်မှာ တရုတ်နှစ်သစ်ကူးကာလပိတ်ရက်များဖြစ်တာကြောင့် အရောင်းအဝယ် အနည်းငယ်အေးလျက်ရှိကာ ပဲမာလိုင်းများတွင် အသစ်ဝင်ရောက်မှုများကြောင့် ဈေးအနည်းစီကျဆင်းလျက်ရှိနေသည်။

ဖေဖော်ဝါရီလဆန်းပိုင်းတွင် မြေထောက်ပဲအသစ်များ ဈေးကွက်အဝင်များလာသဖြင့် အရည်အသွေးကွာခြားမှုအလိုက် ဈေးအနည်းငယ်စီ ကျဆင်းသွားသော်လည်း အရောင်းအဝယ်များမှာမူ ထူးခြားစွာအားကောင်းနေသည်။ အလားတူ ကုလားပဲ ဗိုတူးအုပ်စုတွင်လည်း အသစ်ဝင်ရောက်မှုရှိလာသဖြင့် ဈေးကျဆင်းသွားပြီး မြေပဲနှင့်နှမ်းအုပ်စုမှာမူ ဈေးဆက်လက်မြင့်တက်နေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)ကပြောသည်။ "ဒီရက်ပိုင်းအရောင်းအဝယ်ဖြစ်တာ အများဆုံးကတော့ မြေထောက်ပဲပါ။ တောင်သူတွေကလည်း အခင်းထဲကထွက်တာနဲ့ ပွဲရုံတန်းပို့တော့ အစိုတွေများတယ်။ ဈေးကွက်ထဲ အရည်အသွေးကောင်းခြောက်သွေ့ရင်တော့ တစ်အိတ် ၁၄၂,၀၀၀ ပေါက်ဈေးရှိတယ်။ ၁၃၅,၀၀၀ ကနေ အရည်အသွေးအလိုက်ပေါက်ဈေးရှိတယ်။ ပဲစင်းငုံနဲ့မတ်ပဲကလည်း ဈေးအေးပေမယ့် အဝယ်ကတော့ကောင်းနေဆဲပါ။ ဈေးအပြောင်းအလဲမရှိငြိမ်နေတယ်။ ပဲစင်းငုံ ၁၂၆,၀၀၀-၁၂၇,၀၀၀ ဈေး ၊ မတ်ပဲက ၁၂၄,၀၀၀-၁၂၅,၀၀၀ ပေါက်ဈေးရှိတယ်။ ကုလားပဲအုပ်စုတွေ အသစ်လာတော့ ဈေးကျလာတာ တစ်အိတ် ၁၃၃,၀၀၀-၁၃၄,၀၀၀ လောက်ဖြစ်သွားတယ်။ ကုလားပဲမျိုးစုံ ဈေးကျဆင်းလာတယ်။ နှမ်းနက်ကတော့ ပစ္စည်းအဝင်တော်တော်ပါးသွားတော့ ဈေးကောင်းလာတယ်။ မြေပဲလည်း ဆီစက်ပိုင်တွေ အဝယ်လိုက်နေလို့ ဆက်လက်တက်နိုင်သေးတယ်"ဟု ၎င်းကပြောသည်။

**ပဲစင်းငုံ၊ မတ်ပဲ**

ဖေဖော်ဝါရီလဆန်းပိုင်း တရုတ်နှစ်သစ်ကူးပိတ်ရက်များကြောင့် ဈေးကွက် အနည်းငယ်အေးနေပြီး ပို့ကုန် ပဲစင်းငုံနှင့်မတ်ပဲ ပေါက်ဈေးမှာ အနည်းငယ်ကျဆင်းသွားရာ ဖေဖော်ဝါရီ ၂ ရက်နေ့တွင် မတ်ပဲ သုံးတင်းဝင်တစ်အိတ် ကျပ် ၁၂၄,၀၀၀-၁၂၆,၀၀၀ ၊ ပဲစင်းငုံ ပိဿာ ၆၀ ဝင် တစ်အိတ် ကျပ် ၁၂၇,၀၀၀ ဈေးရှိနေပြီး တစ်အိတ်ကျပ် ၂၀,၀၀၀ ခန့် ကျဆင်းသွားသည်။

**မြေထောက်ပဲ ၊မြေပဲ ၊နှမ်းနက်**

ဇန်နဝါရီလကုန်ရက်များတွင် စိုက်ခင်းများမှ ရိတ်သိမ်းသည့်မြေထောက်ပဲများမှာ ဈေးကွက်အတွင်း တိုက်ရိုက်ဝင်ရောက်လာတာကြောင့် ပွဲရုံများတွင် ခြောက်သွေ့မှုအရည်အသွေးအလိုက် အရောင်းအဝယ် အကောင်းဆုံးပဲဖြစ်ခဲ့သည်။ ပစ္စည်းအဝင်များသဖြင့် သုံးတင်းတစ်အိတ်ကျပ် ၁၅၀,၀၀၀ ခန့်ရှိရာက ထိပ်စတစ်အိတ် ကျပ် ၁၄၂,၀၀၀ ပေါက်ဈေးသာရှိတော့သည်။ အစိုအခြောက် အရည်အသွေးအလိုက် ကျပ် ၁၂၇,၀၀၀ မှ ၁၃၈,၀၀၀ ထိ အသီးသီးပေါက်ဈေးရှိနေသည်။

နှမ်းနက်ထိပ်စများ ပစ္စည်းအဝင်မရှိ ဈေးကွက် ပေါက်ဈေးပျောက်နေပြီး အလတ်စအကောင်းများမှာ ဖေဖော်ဝါရီ ၂ ရက်က နှမ်းနက် အလတ်စ သုံးတင်းဝင် တစ်အိတ် ကျပ် ၁၈၀,၀၀၀-၁၉၅,၀၀၀-၂၁၅,၀၀၀ ဈေးရှိနေသည်။ နှမ်းဖြူသစ်ရိုးရိုးမှာ တစ်အိတ်လျှင် ကျပ် ၁၆၃,၀၀၀ ၊ နှမ်းညိုသစ်မှာ ကျပ် ၁၂၄,၀၀၀ အသီးသီးပေါက်ဈေး မြင့်တက်လာသည်။ မြေပဲဆံတွေက ဆီစက်ပိုင်တွေ အဝယ်လိုက်လာခြင်းကြောင့် ယခင်သီတင်းပတ်ထက် ဈေးမြင့်တက်လာပြီး စားအုန်းဆီဈေးနှုန်း တစ်ပိဿာ ကျပ် ၅,၀၀၀ ကျော်မြင့်တက်လာသကဲ့သို့ မြေပဲဆီနှင့်မြေပဲဈေးမှာ ဆက်လက်မြင့်တက်နိုင်ကြောင်းသိရသည်။ ဖေဖော်ဝါရီ ၂ ရက်တွင် မြေပဲလုံးဆံတစ်ပိဿာ ကျပ် ၃၄၀၀-၃၅၀၀၊ အနီလုံးဆံ တစ်ပိဿာ ကျပ် ၂၈၀၀ ၊ ပြန့်လုံးဆံ၊ ပြန့်ဆီဆံတစ်ပိဿာ ကျပ် ၂၉၀၀ ပေါက်ဈေးဖြစ်လာသည်။

အသစ်ဝင်ရောက်လာသည့် စွန်တာပြာမှာ တစ်အိတ် ကျပ် ၁၃၀,၀၀၀ ၊ ပဲဇီးကွက် ကျပ် ၁၃၀,၀၀၀၊ နိုင်လွန်ပဲ-ပုဂံပဲ ကျပ် ၁၄၅,၀၀၀၊ ဘိုကိတ်ပဲ ကျပ် ၁၄၅,၀၀၀၊ ပဲထောပတ် ရှယ်သစ်တစ်အိတ် ကျပ် ၁၄၅,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်ကျပ် ၃၁၀,၀၀၀၊ ပြည်တွင်းသုံး ကုလားပဲဗိုတူး ကုလားပဲတစ်အိတ် (၅၇ ဒသမ ၂၅ ပိဿာ) ကျပ် ၁၂၆,၀၀၀ ပေါက်ဈေးရှိရာ ယခင်သီတင်းပတ်ထက် ပဲမာလိုင်းပဲများ အမျိုးအစားအလိုက် ကျပ် ၅၀၀၀-၁၀၀၀၀ ဈေးကျဆင်းသွားသည်။ သို့သော် တရုတ်နှစ်သစ်ကူးပိတ်ရက်များအလွန်တွင် အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

**မြန်မာတောင်သူကြီးများဂျာနယ်**

## ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့်အုန်းသီးများကို ရန်ကုန်နှင့်မြန်မာနိုင်ငံအထက်ပိုင်းဒေသတို့သို့ အဓိကတင်ပို့နေ



https://www.myawady.net.mm/node/21590

ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့်အုန်းသီးများကို ရန်ကုန်မြို့ ဗားကရာကုန်စည်ဒိုင် အပါအဝင် မြန်မာနိုင်ငံ အထက်ပိုင်းဒေသတို့သို့ အဓိကထားတင်ပို့နေကြောင်း ယင်းဒေသမှ အုန်းသီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများ၏ပြောဆိုချက်အရ သိရသည်။

ပို့တာကတော့ ရန်ကုန်အပါအဝင် အထက်အညာကနေ ရှမ်းပြည်နယ် အထိပို့ရတယ်။ အုန်းသီးကိုတော့ အရည်သောက်တာအပြင် မုန့်မျိုးစုံ လုပ်တာတွေမှာလည်း သုံးကြတယ်။ အုန်းခြောက် (ခွာအုန်း) ကိုလည်း နှစ်ပြန်ကြော်ထဲ ထည့်စားတာတွေရှိတယ်။ ဒီနှစ်က ပြည်တွင်းဝယ်လိုအားများပါတယ်။ အုန်းသီးက ဈေးနှုန်းရတာထက် အလုပ်သမားခနဲ့ ကားခက ဈေးကောင်းတော့ သိပ်မကျန်ဘူး။ အရောင်းကတော့သွက်တယ်ဟု ဧရာဝတီတိုင်းဒေသကြီးမှ အုန်းသီးစိုက်ပျိုးသူ ဦးဝေယံကပြောသည်။

လက်ရှိ ဈေးကွက်အတွင်း အုန်းစိမ်းတစ်လုံးလျှင် ငွေကျပ် ၅၅၀၊ ခွာအုန်းတစ်လုံးလျှင် ငွေကျပ် ၄၀၀ မှ ၅၅၀ ဝန်းကျင်၊ ဆွဲအုန်းတစ်လုံးလျှင် ငွေကျပ် ၇၅၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်းသိရသည်။ ပြည်တွင်းမှထွက်ရှိသည့် အုန်းသီးများကို ထိုင်းနိုင်ငံသို့လည်း မြဝတီနယ်စပ်မှတစ်ဆင့် အဓိကတင်ပို့လေ့ရှိပြီး ထိုသို့တင်ပို့ရာ၌ ထိုင်းနိုင်ငံမှ အုန်းသီးထွက်ရှိသည့် ရာသီချိန်များတွင် ရပ်နားရလေ့ရှိကာ ကျန်လများတွင် တင်ပို့ရလေ့ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့်အုန်းသီးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ရန် ကားစီးပြတ်မှာယူမှုများရှိသည့်အပြင် ပြည်တွင်းမှာယူမှုမှာ ပိုမိုများပြားကြောင်း သိရသည်။ အုန်းပင်ကို ဒေသအများစုတွင် စိုက်ပျိုးသော်လည်း ပင်လယ်ကမ်းရိုးတန်းဒေသများ၌ အများဆုံး စိုက်ပျိုးကြကြောင်း သိရ သည်။

**Source:** https://www.myawady.net.mm/node/21590

## အိန္ဒိယနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၂၁-၂၂ ခုနှစ်အတွက် စီးပွားရေးစစ်တမ်းထုတ်ပြန်

အိန္ဒိယနိုင်ငံ၌ လွှတ်တော် ၂ ရပ်၏ အစည်းအဝေးများ ပြန်လည်စတင်သည့် ၃၁-၁-၂၀၂၂ နေ့ တွင် ဘဏ္ဍာရေးဝန်ကြီး နီမာလာစီသာရာမန်က အိန္ဒိယနိုင်ငံ၏ ၂၀၂၁-၂၂ ခုနှစ် စီးပွားရေးအခြေအနေ စစ်တမ်းကိုတင်သွင်းခဲ့ပါသည်။ ရှေ့လာမည့် ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ ရန်ပုံငွေ အရ/အသုံးအစီအစဉ်အား တင်သွင်းခြင်းမပြုမီ ၁ ရက်အလို၌ လွှတ်တော်သို့ တင်ပြခဲ့သည့် အဆိုပါအစီရင်ခံစာတွင် ပုံသေဈေးနှုန်းဖြင့် တွက်ချက်ပါက ၂၀၂၁-၂၂ ခုနှစ်အတွက် အိန္ဒိယနိုင်ငံ၏ စီးပွားရေး သည် ၉.၂% တိုးတက်မှုရှိမည်ဟု ကနဦးခန့်မှန်းထားကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် ရောဂါကာကွယ်ဆေးအား ကျယ်ပြန့်စွာထိုးနှံနိုင်မှု၊ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ခြင်းနှင့်ကုန်ထုတ်သွင်းအားစုကဏ္ဍ၌ ပြုပြင်ပြောင်းလဲခြင်းတို့မှ ရလာဒ်ဖြစ်ထွန်းမှု၊ ပို့ကုန်လုပ်ငန်း တိုးတက်မှုနှင့် ငွေလုံးငွေရင်းအသုံးစရိတ် မြှင့်တင်ပေးနိုင်မည့် ငွေကြေးအရင်းအမြစ်ရရှိနိုင်မှုစသည့်အချက်များအရ ၂၀၂၂-၂၃ ခုနှစ်အတွင်း ပုံသေဈေးနှုန်းဖြင့်တွက်ချက်သည့် ဂျီဒီပီတိုးတက်မှုမှာ ၈.၀% မှ ၈.၅% ခန့်ရရှိနိုင်မည်ဟု ခန့်မှန်းရကြောင်း ဖော်ပြပါသည်။

အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ရာတွင် ၂၀၂၁-၂၂ ဘဏ္ဍာနှစ်၌ လယ်ယာစိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ၃.၉% ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၌ ၁၁.၈% နှင့် ဝန်ဆောင်မှုကဏ္ဍတွင် ၈.၂% အသီးသီး တိုးတက်ဖွယ်ရှိကြောင်း၊ ဂျီဒီပီ၏ ဝယ်လိုအားအပိုင်း၌ စုစုပေါင်းသုံးစွဲမှုပမာဏသည် ၇.၀% (အစိုးရကဏ္ဍတွင် ၇.၆% နှင့် ပုဂ္ဂလိကကဏ္ဍ၌ ၆.၉%) ၊ စုစုပေါင်း ပုံသေမတည်ရင်းနှီးမြှုပ်နှံမှု (Gross Fixed Capital Formation) သည် ၁၅% ၊ ပို့ကုန်နှင့် သွင်းကုန်တို့သည် ၁၆.၅% နှင့် ၂၉.၄% တိုးတက်မှုရရှိနိုင်ကြောင်း၊ ပို့ကုန်မှရငွေတိုးတက်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ်ဝင်ရောက်မှုနှင့် အရန်ထားရှိသည့် နိုင်ငံခြားငွေပမာဏ မြင့်မားမှုတို့သည် ရှေ့လာမည့်ဘဏ္ဍာနှစ်၌ ဖြစ်ပေါ်လာနိုင်သော ကမ္ဘာလုံးဆိုင်ရာ ငွေဖြစ်လွယ်မှု အခက်အခဲကိုရင်ဆိုင်ရန် လုံလောက်သည့်အခြေအနေရှိကြောင်း၊ မေခရိုဘောဂ အညွှန်းကိန်းများတည်ငြိမ်မှုက အိန္ဒိယ၏ စီးပွားရေးသည် ၂၀၂၂-၂၃ ခုနှစ်တွင် ကြုံတွေ့လာနိုင်သော စိန်ခေါ်မှုများအပေါ် ကောင်းစွာကိုင်တွယ် ရှင်းလင်းနိုင်ဖွယ်ရှိသည်ကို

ညွှန်ပြလျက်ရှိကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဒုတိယလှိုင်းသည် ကျန်းမာရေးကဏ္ဍအပေါ် ပြင်းထန်စွာသက်ရောက်ခဲ့သော်လည်း ၂၀၂၀-၂၁ ခုနှစ်၌ အသွားအလာပြည့်အဝကန့်သတ်မှု (Fully lockdown) ပြုချိန်ကကဲ့သို့ စီးပွားရေးကဏ္ဍအပေါ် ကြီးမားစွာ သက်ရောက်မှုမရှိကြောင်း၊ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်အတွင်း ဧပြီလမှနိုဝင်ဘာလအထိ ဗဟိုအစိုးရ၏ အခွန်အရပ်ရပ်ကောက်ခံရရှိမှုမှာ နှစ်အလိုက်ကာလတူနှိုင်းယှဉ်ပါက မူလလျာထားသည့် ၉.၆% ကို ကျော်လွန်လျက် ၆၇.၂% အထိ တိုး တက်မှုရရှိထားကြောင်း၊ ၎င်းကာလအတွင်း အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများအတွက် အစိုးရ၏ ငွေလုံးငွေရင်းအသုံးစရိတ်မှာ နှစ်အလိုက်ကာလတူ နှိုင်းယှဉ်တိုးတက်မှု ၁၃.၅% ရှိကြောင်း၊ ယခင်ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း အစိုးရ၏ ဘဏ္ဍာရေးလိုငွေပြမှု ၁၃၅.၁% ဖြစ်ပေါ်ခဲ့သော်လည်း ယခုဘဏ္ဍာနှစ် ကာလတူ၌ ရည်မှန်းထားသည့် အသုံးစရိတ်မူဝါဒနှင့် အခွန်ကောက်ခံရရှိမှုတို့ကို ထိန်းသိမ်းထားနိုင်သဖြင့် မူလဘဏ္ဍာရေးလျာထားချက်အပေါ် လိုငွေပြမှုမှာ ၄၆.၂% သာရှိကြောင်း၊ ပဲမျိုးစုံနှင့်စားသုံးဆီတို့၏ ဈေးနှုန်းများတည်ငြိမ်ရေး ကြိုတင်စီမံဆောင်ရွက်မှုများနှင့် ဒီဇယ်နှင့် ဓာတ်ဆီတို့အပေါ် ကောက်ခံသော အထူးကုန်စည်အခွန်နှင့် တန်ဖိုးမြင့်အခွန်များအား လျှော့ချခြင်းတို့အပါအဝင် အရေးကြီးကုန်စည်များ၏ သွင်းအားစုပိုင်းကို ထိရောက်စွာစီမံခန့်ခွဲနိုင်သဖြင့် လက်လီဈေးနှုန်း ဖောင်းပွမှုမှာလျှော့ကျခဲ့ကြောင်း၊ ကာလတူနှိုင်းယှဉ်ပါက ဧပြီလ မှ ဒီဇင်ဘာလအတွင်း ၂၀၂၀-၂၁ ဘဏ္ဍာနှစ်၌ စားသောက်ကုန်လက်လီပျမ်းမျှဈေးနှုန်းဖောင်းပွမှု ၉.၁% ရှိသော်လည်း ယခုဘဏ္ဍာနှစ်တွင် ၂.၉% သို့ကျဆင်းခဲ့ကြောင်း၊ အဆိုပါ ကာလအတွင်း ပျမ်းမျှပေါင်းစည်းစားသုံးသူဈေးဆနှုန်းကိန်းမြင့်တက်မှု (CPI-Combined inflation) မှာ ၅.၂% ရှိပြီး ယခင်နှစ်ကာလတူ၌ ဖြစ်ပေါ်သော ၆.၆% အောက်သို့ လျှော့ချနိုင်ခဲ့ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍ တွင် အသားတင် ငွေဖြစ်လွယ်မှုမရှိသော ပိုင်ဆိုင်မှုများအချိုး (Net Non-Performing Advances ratio) မှာ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်၌ ၂.၂% ရှိပြီး ယခင်နှစ်ကာလတူ တန်ဖိုး ၆.၀% အောက် သို့ လျှော့ကျခဲ့ကြောင်း၊ ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ မတည်ငွေနှင့် စွန့်စားရမှုအလေးပေးပိုင်ဆိုင်မှုအချိုးသည် ၂၀၁၃-၁၄ ခုနှစ်၌ ၁၃% ရှိရာမှ ၂၀၂၁ စက်တင်ဘာလကုန်တွင် ၁၆.၅၄% သို့မြင့်တက်ခဲ့ပြီး အရင်းအနှီးဈေးကွက် အားကောင်းလျက်ရှိကြောင်းဖြင့် ၂၀၂၁-၂၂ ခုနှစ် အိန္ဒိယ၏ စီးပွားရေးစစ်တမ်းမှ တွေ့ရှိချက်များကို ကောက်နုတ်ဖော်ပြပါသည်။

အိန္ဒိယ၏ စီးပွားရေးလုပ်ဆောင်မှုများအားလုံးသည် ကိုဗစ်-၁၉ ကပ်ရောဂါကာလ မတိုင်မီ၌ရရှိခဲ့သော စီးပွားရေးအဆင့်သို့ ပြန်လည်နာလန်ထူထောင်လျက် ကောင်းမွန်လာပြီဖြစ်သော်လည်း ကမ္ဘာတစ်ဝန်း၌ Omicron ဗိုင်းရပ်စ်မျိုးကွဲ ပျံ့နှံ့မှုမှ ကမ္ဘာ့စီးပွားရေးအခြေအနေ မသေချာမရေရာဖြစ်ပေါ်မှု၊ စွမ်းအင်ဈေးနှုန်းများ မြင့်တက်လျက်ရှိမှုနှင့် နိုင်ငံများစွာ၌ ဈေးနှုန်းဖောင်းပွမှုများဖြစ်ပေါ်လာမှုစသည့် ဘေးဥပါဒ်များရှိနေဆဲဖြစ်ပါသည်။ သို့ရာတွင် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ဟန်ချက်ညီညွတ်မျှတမည့်အခြေအနေ၌ တည်ရှိဖွယ်ရာရှိကြောင်း အဆိုပါစီးပွားရေးစစ်တမ်းက ဖော်ပြထားပါသည်။

Source: 1. Key Highlights of The Economic Survey 2021-22, 31-1-2022, Press Information Bureau of India

2. The state of the economy according to Economic Survey 2021-22, 1-2-2022, Economic Times

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါသည် ဂျပန်နိုင်ငံ၏စီးပွားရေးကို ထိခိုက်နိုင်ဖွယ်မရှိဟု IMF သုံးသပ်

ကမ္ဘာ့တတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ကူးစက်ရောဂါ၏ သက်ရောက်မှုဒဏ်ကို သိသိသာသာခံစားရနိုင်မည်မဟုတ်သော်လည်း ပြည်တွင်းသက်ကြီးရွယ်အိုလူဦးရေများ တိုးပွားလာမှုနှင့် လူဦးရေတိုးတက်မှုနှုန်းကျဆင်းလာခြင်းတို့ကြောင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသေချာမှုရှိသည့် ကူးစက်ရောဂါအလွန်ကာလဆိုင်ရာမူဝါဒများကို ဖော်ဆောင်ရန်လိုအပ်ကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က သုံးသပ်ပြောကြားခဲ့ပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မူဝါဒများနှင့်ပတ်သက်၍ ဂျပန်အစိုးရနှင့် ဆွေးနွေးမှုများဆောင်ရွက်ပြီးနောက် ဂျပန်နိုင်ငံ GDP ၏ ရာခိုင်နှုန်းတစ်ခုအဖြစ်ပါဝင်နေသည့် အခွန်ငွေရရှိမှုသည် စက်မှုထိပ်သီး ၇ နိုင်ငံအုပ်စုပါ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လျော့နည်းနေသည်ကိုတွေ့ရပြီး စားသုံးခွန်တိုးမြှင့်ခြင်းစသည့် စားသုံးမှုမှတစ်ဆင့် အခွန်ကောက်ခံခြင်းစသည့် အခွန်ငွေရရှိမှုနည်းလမ်းကို အဓိကဆောင်ရွက်ခြင်းဖြစ်သည်ဟု IMF ၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

IMF ၏ ပဏာမစိစစ်သုံးသပ်ချက်များအရ ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် အစိုးရ၏ အားကောင်းသည့် ဘဏ္ဍာရေးပံ့ပိုးမှုများ၊ ကာကွယ်ဆေးထိုးနှံမှုများ တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းနှင့် ကမ္ဘာ့ထောက်ပံ့ပို့ဆောင်မှု ကွင်းဆက် အကျပ်အတည်းများကို လျော့ပါးစေရန် ပံ့ပိုးဆောင်ရွက်ပေးခဲ့ခြင်းများကြောင့် ၂၀၂၂ ခုနှစ်တွင် ၁.၆ % မြင့်တက်မှုမှသည် ၃.၃ % ထိ ဆက်လက်မြင့်တက်လာနိုင်ကြောင်း သိရပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ၄.၅ % ကျဆင်းခဲ့ပါသည်။

လက်ရှိ၌ ဂျပန်နိုင်ငံတွင် ကူးစက်နှုန်းမြန်ဆန်သည့် အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲသစ်၏ ကူးစက်မှုများမြင့်တက်လာနေခြင်းသည် ၂၀၂၂ ခုနှစ်၏ ပထမသုံးလပတ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းကို နှေးကွေးစေနိုင်သော်လည်း ကူးစက်မှုလှိုင်း ပြန်လည်ကျဆင်းသွားပြီးနောက် ဒုတိယသုံးလပတ်ကာလတွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်မြင့်တက်လာသည့် အနေအထားဖြစ်လာနိုင်ကြောင်း IMF ကသုံးသပ်ပါသည်။

သို့သော် လက်ရှိအိုမီခရွန်မျိုးကွဲဗိုင်းရပ်စ်ကူးစက်မှု၏ မြင့်တက်နေစဉ် ကျန်းမာရေးကဏ္ဍကို ယိမ်းယိုင်မှုမရှိစေရန် တင်းကျပ်သည့် ကန့်သတ်ထိန်းချုပ်မှုအစီအမံများဆောင်ရွက်ရန် နှောင့်နှေးမှုများရှိပါက ကူးစက်ရောဂါ၏ သက်ရောက်မှုကြောင့် စီးပွားရေးအပေါ် မသေချာမရေရာမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

ကူးစက်ရောဂါ၏သက်ရောက်မှုကြောင့် စီးပွားရေးထိခိုက်မှုလျော့ပါးစေရန် ဘဏ္ဍာရေးမူဝါဒများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ဂျပန်အစိုးရမှ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ဝင်ငွေနည်းပါးသည့်အိမ်ထောင်စုများအား ငွေကြေးပံ့ပိုးပေးခဲ့သည့် အစီအစဉ်များသည် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်သည်ဟု IMF က ပြောကြားခဲ့ပါသည်။

ကာလလတ်မှ ရေရှည်အတွက် ဂျပန်နိုင်ငံ၏ သက်ကြီးရွယ်အိုလူဦးရေတိုးပွားလာမှုနှင့် လူဦးရေကျဆင်းလာမှုသည် နိုင်ငံ၏စီးပွားရေးအပေါ် သက်ရောက်နိုင်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံသို့ လာရောက်ခဲ့သည့် IMF Mission ကို ဦးဆောင်ခဲ့သော IMF အာရှနှင့်ပစိဖိတ်ရေးရာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး Ranil Salgado က သုံးသပ်ပါသည်။ အနာဂတ်တွင် ဖြစ်နိုင်ချေရှိသည့် လုပ်သားအင်အားကျဆင်းခြင်းနှင့် ကုန်ထုတ်စွမ်းအားနိမ့်ကျလာမှုတို့သည် ရေရှည်တွင် ဂျပန်နိုင်ငံ၏ စီးပွားရေးအတွက် အဓိကစိန်ခေါ်မှုအခက်အခဲများအနက် နှစ်ခုဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

ကူးစက်ရောဂါပြန့်ပွားနေချိန်အတွင်း အထူးသီးသန့်ဘဏ္ဍာရေးပံ့ပိုးမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့် ကုန်ထုတ်လုပ်မှု သိသိသာသာကျဆင်းခဲ့ခြင်းများသည် ဂျပန်နိုင်ငံ၏ကြွေးမြီနှင့် GDP အချိုးနှုန်းတွင် ၂၀၁၉ ခုနှစ်အတွင်းမှရှိခဲ့သည့် ၂၃၆ % မှ ၂၀၂၁ ခုနှစ်အတွင်း ၂၅၉ % သို့ မြင့်တက်ရောက်ရှိလာစေပါသည်။ ချေးငွေများထုတ်ပေးခြင်းနှင့် ငွေချေးစာချုပ်များ ထုတ်ပေးခြင်းတို့သည့် ရေတိုကာလအတွက် အထောက်အပံ့ဖြစ်နိုင်သော်လည်း ကြွေးမြီများ ရေရှည်တည်တံ့စေနိုင်သည့် အလားအလာကို မြင့်တက်လာနိုင်ကြောင်း IMF ကသုံးသပ်ပါသည်။

ဘဏ္ဍာအခွန်တိုးမြှင့်ရရှိရေးနှင့်ပတ်သက်၍ ပြည်တွင်း၌ လက်ရှိကောက်ခံနေသည့် စားသုံးသူအခွန် ၁၀ % ကောက်ခံခြင်းအပြင် အိမ်ခြံမြေအခွန်ကောက်ခံမှုကို ပိုမိုအားကောင်းစေခြင်းနှင့် လူနေအိမ်မြေယာများအပေါ် အထူးအခွင့်အရေး ပေးထားမှုများကို ပယ်ဖျက်ခြင်းများ ဆောင်ရွက်သင့်ကြောင်း IMF က အကြံပြုထားပါသည်။ တစ်ချိန်တည်းမှာပင် ငွေကြေးဖောင်းပွမှုဖိအားသည် ပြည်တွင်းဝယ်လိုအားနှင့်အညီ တဖြည်းဖြည်း မြင့်တက်လာနိုင်သည်ဟု မျှော်မှန်းထားသော်လည်း ကာလလတ်အတွက် ငွေကြေးဖောင်းပွမှုနှုန်းသည် ဂျပန်ဗဟိုဘဏ်၏ သတ်မှတ်ချက် ၂ % အောက်၌သာ တည်ငြိမ်ကောင်းမွန် နေမည်ဖြစ်ကြောင်း IMF က ခန့်မှန်းထားပါသည်။

အခြားသော စီးပွားရေးဖွံ့ဖြိုးပြီးနိုင်ငံများသည် မြင့်မားသည့်ငွေကြေးဖောင်းပွမှုနှင့် ငွေကြေးအကျပ်အတည်းများနှင့် ရင်ဆိုင်ရသည့်အတွေ့အကြုံရှိခဲ့ပြီး (သို့မဟုတ်) လတ်တလောရင်ဆိုင်နေရပါသည်။ သို့သော်ငွေကြေးမူဝါဒပိုင်း ကွဲပြားခြားနားချက်သည် ဂျပန်နိုင်ငံ၏ စီးပွားရေးပြန်လည် နာလန်ထူမှုအပေါ် အကန့်အသတ်ဖြစ်လာစေနိုင်ကြောင်းနှင့် အတိုးနှုန်းကွဲပြားမှုများသည် ဂျပန်ယန်းငွေကို ပိုမိုအားနည်းစေကြောင်း IMF က သုံးသပ်ပါသည်။ ထို့အပြင် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း သိသိသာသာမြင့်တက်လာသည့် အခြေအနေများသည် ဂျပန်ယန်းငွေအား စိတ်ချရသည့် ငွေကြေးတစ်ခုအဖြစ် တန်ဖိုးထားမှုကို မြင့်တက်လာစေနိုင်ကြောင်း IMF က ပြောကြားခဲ့ပါသည်။

**Source:** https://www.japantimes.co.jp/news/ **နန္ဒာဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်)**

## ၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်လေဆိပ်မှတစ်ဆင့် လေကြောင်းကုန်စည်များပို့ဆောင်မှု စံချိန်တင်ခဲ့ခြင်း

ကိုရိုနာဗိုင်းရပ်ကပ်ရောဂါအကျပ်အတည်းဖြစ်ပွားနေသော်လည်း ၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ် လေဆိပ်မှတစ်ဆင့် လေကြောင်းကုန်စည်များပို့ဆောင်မှုသည် စံချိန်တင်အဆင့်သို့ ရောက်ရှိခဲ့ကြောင်း၊ ထိုသို့ စံချိန်တင် လေကြောင်းကုန်စည်ပို့ဆောင်ခဲ့မှုသည် လူအများစုက အွန်လိုင်းမှဝယ်ယူမှုများ ပြုလုပ်လာကြခြင်းနှင့် ဘရပ်ဆဲလ်လေဆိပ်သည် ကိုဗစ်-၁၉ ကာကွယ်ဆေး သယ်ယူပို့ဆောင်ရာတွင် ဥရောပ၏ဗဟိုချက်အဖြစ် ဆောင်ရွက်ရခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရပါ သည်။

၂၀၂၁ ခုနှစ်တွင် ဘရပ်ဆဲလ်လေဆိပ်မှတစ်ဆင့် ကုန်စည်တန်ချိန် (၈၄၃,၁၄၀) ကို သယ်ယူပို့ဆောင်ခဲ့ပြီး ၂၀၂၀ ခုနှစ် ကထက် (၃၀) ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု လေဆိပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ အဆိုပါ တိုးတက်မှုနှုန်းသည် ဘရပ်ဆဲလ်လေဆိပ်အတွက် အများဆုံးအဖြစ် စံချိန်တင်တင်ပို့ခဲ့သည့်ပမာဏဖြစ်ကြောင်း လေဆိပ်၏အမှုဆောင်ဖြစ်သူ Arnaud Feist က ပြောကြားထားပါသည်။ ဘရပ်ဆဲလ်လေဆိပ်မှ Air Cargo သယ်ယူပို့ဆောင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**Air cargo passing through Brussels Airport**

| | December | | | | | January - December | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | 2021 | 2020 | 2019 | growth '21 vs '20 | growth '21 vs '19 | 2021 | 2020 | 2019 | growth '21 vs '20 | growth '21 vs '19 |
| **Cargo (tons)** | | | | | | | | | | |
| Full Freighter | 23.034 | 15.492 | 14.449 | +48,7% | +59,4% | 276.732 | 193.555 | 135.560 | +43,0% | +104,1% |
| Integrator | 23.736 | 23.820 | 17.796 | -0,4% | +33,4% | 294.331 | 244.632 | 206.707 | +20,3% | +42,4% |
| Belly cargo | 9.882 | 6.035 | 14.716 | +63,8% | -32,9% | 97.046 | 73.427 | 158.435 | +32,2% | -38,7% |
| **Total flown cargo** | **56.651** | **45.347** | **46.962** | **+24,9%** | **+20,6%** | **668.110** | **511.613** | **500.702** | **+30,6%** | **+33,4%** |
| Trucked cargo | 13.189 | 12.176 | 16.150 | +8,3% | -18,3% | 175.031 | 134.937 | 166.518 | +29,7% | +5,1% |
| **Total cargo** | **69.840** | **57.523** | **63.112** | **+21,4%** | **+10,7%** | **843.140** | **646.550** | **667.220** | **+30,4%** | **+26,4%** |

Source: Brussels Airport

ဘရပ်ဆဲလ်လေဆိပ်၏ Cargo Division အနေဖြင့် မကြုံစဖူးသည့် တိုးတက်မှုနှုန်းကို ရရှိခဲ့ကြောင်း၊ လေကြောင်း ကုန်စည်များသယ်ယူပို့ဆောင်မှုအတွက် demand သည် သိသာစွာမြင့်တက်ခဲ့သော်လည်း ဘရပ်ဆဲလ်လေဆိပ်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများစွာပြုလုပ်ထားခြင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် Cargo များကိုဆောင်ရွက်ခြင်းနှင့် အားကောင်းသော ကုန်စည် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း အသိုက်အဝန်းပိုင်ဆိုင်ခြင်းတို့ကြောင့် demand တိုးတက်လာသည့်အခြေအနေကို လွယ်ကူစွာ ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရပါသည်။

ဘရပ်ဆဲလ်လေဆိပ်မှ ကုန်စည်များသယ်ယူပို့ဆောင်ရာတွင် ဆေးဝါးပစ္စည်းများပို့ဆောင်မှုသည် အဓိက အစိတ်အပိုင်း အဖြစ်ပါဝင်နေကြောင်း၊ ဥရောပတစ်ဝန်းသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို တင်ပို့ရာတွင် ဘရပ်ဆဲလ်လေဆိပ်သည် အဓိက ဗဟိုချက်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်ကာကွယ်ဆေး (၈၀၀) သန်းကျော်ကို ဘရပ်ဆဲလ်လေဆိပ်မှတစ်ဆင့် ပို့ဆောင်ပေးခဲ့ ခြင်းဖြစ်ကြောင်း သိရပါသည်။

Source: https://www.brusselstimes.com/belgium/201570/record-levels-of-cargo-pass-through-brussels-airport-in-2021

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

## STOCK EXCHANGE (3.2.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Feb. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +100 | +1.25% | 8,000 | 8,100 | 8,000 | 1,767 | 14,256,700 | 33,109,694 | 268,189 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 5,340 | 16,016,000 | 38,929,150 | 116,787 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 269 | 699,400 | 12,823,224 | 33,340 |
| EFR | 00006 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 19,977,223 | 55,936 |
| AMATA | 00007 | 5,400 | +0 | +0.00% | 5,400 | 5,400 | 5,400 | 0 | 0 | 10,497,598 | 56,687 |

### Market summary

As of 3rd Feb. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 379.55 | +3.02 | +0.80% | 376.53 | 379.55 | 376.53 | 7,376 | 30,972,100 | 7 | 660,272 |

**Index chart**




# Market Overview

## Main Board

As of 1:00 pm, 3rd Feb. 2022

| MYANPIX | 379.55 ▲ 3.02 |
|---|---|
| Total Volume (shares) | 7,376 |
| Total Value (MMK) | 31 mil |
| Listed Company | 7 |
| Market Cap. (MMK) | 660,272 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 100 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,800 | ▲ 0 |
| AMATA | 00007 | 5,400 | ▲ 0 |